မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၃] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သုံးကြိမ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား (ထူးခြားသည့်အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ် ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

### ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန်အတွက် ၂၀၂၁ ခုနှစ်၊ ဖွေန်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ယခုအခါ ကရင်ပြည်နယ်စားသုံးသူရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်ဖွဲ့စည်းထားသော ဦးရဲထွဋ်ဦး၊ အဖွဲ့ဝင် (၃)၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ပြည်နယ်ရဲမှူးကြီးခင်ဇော်၊ အဖွဲ့ဝင် (၂)၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအား ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

### မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမောင်ကို | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးသိန်းဌေး | အဖွဲ့ဝင် (၄)<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးမြင့်လွင် | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ရဲမှူးချုပ်စိန်လွင် | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( င ) | ဦးညိုမြင့်ထွန်း | ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>(မန္တလေးဌာနခွဲ) | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာသန်းထိုက် | ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>(ပုဂံဌာနခွဲ) | အဖွဲ့ဝင် |
| (ဆ) | ဦးခင်ဖုန်း | ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးကျော်ယဉ်ဦး | ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးလင်းလင်းထွန်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ည) | ဦးစန်းလွင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ<br>အသင်း (မန္တလေးဇုန်) | အဖွဲ့ဝင် |
| ( ဋ ) | ဒေါက်တာ<br>ခင်မောင်ထွေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း<br>(ပြင်ဦးလွင်ဇုန်) | အဖွဲ့ဝင် |
| ( ဌ ) | ဦးမျိုးရီ | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း<br>(မန္တလေးဇုန်) | အဖွဲ့ဝင် |
| ( ဍ ) | ဦးဇော်မျိုးလတ် | တာဝန်ခံ၊ မန္တလေးတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁)**

**ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်၊ ဦးစိုးလွင်၊ ပြည်နယ်တာဝန်ခံ

ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန **အစား** ဦးအောင်မျိုး၊ ပြည်နယ်တာဝန်ခံညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

### ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဗိုလ်မှူးကြီး တစ်ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဋ) ဌာနကြီးမှူး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဌ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

(ဏ) တပ်ဖွဲ့မှူး — အတွင်းရေးမှူး
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက် မပျက်ပြယ်စေရန်နှင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာသည့်အခါ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတို့ကို ထိပါးခြင်းမပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ၏ ရည်ရွယ်ချက်များအား ပံ့ပိုးမြှင့်တင်ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ပထမအဆင့်အဖြစ် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့ (Foreigner Care Team) များ စုဖွဲ့တာဝန်ပေးခြင်း၊ ဒုတိယအဆင့် အင်အားတိုးချဲ့ခြင်း၊ နေရာတိုးချဲ့ဖွဲ့စည်းခြင်း၊ ယာဉ်များတိုးချဲ့ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ခြင်း၊

(ဃ) ဤလုပ်ငန်းကော်မတီတွင်ပါရှိသော ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(င) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(စ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ ဗီဇာဖြင့် ဝင်ရောက်လာသူများ၏ကိုယ်ရေးမှတ်တမ်းများကို ရယူသတင်းပေးခြင်း၊

(၂) ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းနှင့် နေခွင့်ကျော်လွန်နေထိုင်သူများကို သတင်းပို့၍ တစ်ပြိုင်တည်း အရေးယူခြင်း၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့် ဟိုတယ်၊ မိုတယ်၊ Inn၊ စက်ရုံ၊ အလုပ်ရုံ၊ တည်းခိုခန်း၊ နေအိမ်၊ တရားစခန်း တို့အား အရေးယူခြင်း၊

(၄) လေကြောင်းလိုင်းများနှင့် ပြည်တွင်းခရီးစဉ်များကို ဂရုပြုစောင့်ကြည့်ခြင်း။

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ၏ ထူးခြားလှုပ်ရှားမှုသတင်းများအား တိုက်ရိုက်ဆက်သွယ်သတင်းပို့စနစ် ကျင့်သုံးခြင်း၊

(၂) နိုင်ငံခြားသားများအား ကန့်သတ်နယ်မြေများသို့ သွားလာခြင်းမပြုစေရေး ကြပ်မတ်ထိန်းသိမ်းခြင်း၊

(၃) နိုင်ငံခြားသားများ သွားရောက်လည်ပတ်လေ့ရှိသော နေရာများတွင် Tourist Information Centre များ ထားရှိခြင်း၊

(၄) Disembarkation Card တွင် တည်းခိုမည့်နေရာအား အမှန်ရရှိရေး စိစစ်ဆောင်ရွက်ခြင်း၊

(၅) မသင်္ကာဖွယ် ဟိုတယ်၊ မိုတယ်၊ Inn များကို စောင့်ကြည့်စိစစ်ခြင်း၊

(၆) နယ်စပ်ဒေသနှင့် ဆက်စပ်သောနေရာများကို Hot Spot Area သတ်မှတ်၍ စောင့်ကြည့်ခြင်း။

(ဇ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်နေသည့် Website များနှင့် Link လုပ်ပေးထားခြင်း၊

(၂) ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်စဉ် ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်ရယူပြီး Database Network တစ်ခု တည်ထောင်ထားခြင်း၊

(၃) Biometric Identification နည်းပညာကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

## သံတမန်များကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးကြီး တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဌာနကြီးမှူး<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဒုတိယတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ သံတမန်များကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့်အညီဖြစ်စေရန် ပြုစုဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ ) ပြည်ဝင်ဗီဇာထုတ်ပေးမှု စနစ်တကျဖြစ်စေရန် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ခြင်း၊

( ဂ ) သံတမန်များ ပြည်တွင်း၌ ရှိနေစဉ် ကူညီစောင့်ရှောက်ရန်နှင့် တစ်ချိန်တည်းတွင် နိုင်ငံတော်၏ လုံခြုံရေးအား မထိပါးစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ကြီးကြပ်ရာတွင် လုံခြုံရေးအဖွဲ့များနှင့် သတင်းပေါင်းစပ်ဖလှယ်ရယူခြင်း၊

( င ) သံတမန်များ၏ လှုပ်ရှားမှု ကြိုတင်သတင်းများအား နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( စ ) သံတမန်များ၊ သံတမန်အခွင့်အရေးခံစားသူများ၊ သံတမန်နှင့် ဆက်စပ်သူများ၊ သံရုံးဝန်ထမ်းများ ဥပဒေချိုးဖောက်မှုရှိပါက သံတမန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) ဤလုပ်ငန်းကော်မတီတွင်ပါရှိသော ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

( ဇ ) **ချက်ချင်းဆောင်ရွက်ရန်။** အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့်အညီ ဖြစ်စေရန် ပြုစုပြီး သေချာစွာ တိုက်ဆိုင်စိစစ်၍ ကင်းရှင်းသူများကိုသာ ဗီဇာထုတ်ပေးခြင်း၊ မသင်္ကာဖွယ် နိုင်ငံခြားသားများအား ဗီဇာဆိုင်းငံ့ထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထောက်ခံအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ဝေအသိပေးထားခြင်း၊

(ဈ) **ကာလတိုဆောင်ရွက်ရန်။** ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ပြည်တွင်းခရီးသွားရောက်သည့် သံတမန်စာရင်းများကို ဤလုပ်ငန်းကော်မတီမှ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ လစဉ် တင်ပြခြင်း၊

(ည) **ကာလရှည်ဆောင်ရွက်ရန်**

(၁) သံတမန်များ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်ဖြစ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) သံတမန်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့ Diplomatic Protection Police သီးခြားဖွဲ့စည်းထားရှိရန် ကြိုးပမ်းခြင်း၊

(၃) နိုင်ငံခြားသံရုံးများအား နေပြည်တော်တွင် တစ်နေရာတည်း၊ တစ်စုတစ်စည်းတည်း ဖွင့်လှစ်နိုင်ရန် တင်ပြခြင်း၊

(၄) သံတမန်ဆိုင်ရာ ကိစ္စရပ်များအား ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

## ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဌ ) | တပ်ဖွဲ့မှူး<br>ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

( ၃ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

( ၁ ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊

( ခ ) အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

( ဂ ) နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်စေခြင်း၊

(ဃ) အဖွဲ့အစည်းများ၏ လှုပ်ရှားမှု ကြိုတင်သတင်းများအား နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( င ) နိုင်ငံခြားသားများ ပြည်တွင်းခရီးစဉ် သွားရောက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပူးပေါင်းလိုက်ပါ ပါဝင်ဆောင်ရွက်ခြင်း၊

( စ ) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) **ချက်ချင်းဆောင်ရွက်ရန်။** ဤလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားခရီးစဉ် လုံခြုံရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ တင်ပြခွင့်ပြုချက်ရယူပြီး နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ မိတ္တူပေးပို့ခြင်း၊

(၂) အဆိုပါ ခရီးစဉ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာမြို့နယ်များရှိ စီမံကိန်းမှူးများမှ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခြင်း။

( ဈ ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) ဤလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(၂) အဖွဲ့အစည်းများ၏ လှုပ်ရှားမှု ကြိုတင်သတင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ တင်ပြခွင့်ပြုချက်တောင်းသည်နှင့် တစ်ပြိုင်နက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(၃) ဤလုပ်ငန်းကော်မတီသည် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)

## အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖွဲ့ အစား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဇ) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဈ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဗီဇာလျှောက်ထားစဉ်က ဖော်ပြထားသော လုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း မရှိစေရန် ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံခြားသားများ မြန်မာပြည်တွင်းနေထိုင်စဉ် မူလဖော်ပြထားသော လိပ်စာများ၌ အမှန်တကယ် တည်းခိုခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(ဂ) ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသူများ၏မှတ်တမ်း ထိန်းသိမ်းထားရှိရေး ကြီးကြပ်ခြင်း၊

(ဃ) နိုင်ငံခြားသားများ မရောက်ရှိမီ ရရှိထားသော ကြိုတင်သတင်းများ၊ ပြည်တွင်းလှုပ်ရှားမှုသတင်းများ ကို နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(င) ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားအားလုံး ဥပဒေချိုးဖောက်မှုရှိပါက ကြီးကြပ် အရေးယူဆောင်ရွက်ခြင်း၊

(စ) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့်အညီ ဖြစ်စေရန် ပြုစု ဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း။

(ဇ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားများအား စည်းကမ်းသတ်မှတ်ခြင်း၊ ကန့်သတ်နယ်မြေသတ်မှတ်ခြင်း၊ ကြီးကြပ်ထိန်းသိမ်းခြင်း၊

(၂) ဥပဒေချိုးဖောက်သော နိုင်ငံခြားသားအားလုံးကို အရေးယူဆောင်ရွက်ခြင်း။

(ဈ) **ကာလတိုဆောင်ရွက်ရန်**

(၁) ဗီဇာစိစစ်ထုတ်ပေးခြင်း၊ ဗီဇာစည်းကမ်းနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) နိုင်ငံခြားသားများဝင်ရောက်ပြီးနောက်စောင့်ကြည့်စိစစ်ခြင်း၊ဥပဒေအရအရေးယူဆောင်ရွက်ခြင်း။

(ည) **ကာလရှည်ဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ အမည်မည်းစာရင်းကို အချိန်နှင့်တစ်ပြေးညီ ရရှိရေး၊ အမည်မည်းစာရင်း တစ်မျိုးတည်းသာ ဖြစ်စေရေး ဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိ အမြဲသုံးသပ်ဆောင်ရွက်ခြင်း၊

(၃) လိုအပ်သောဥပဒေများ ထုတ်ပြန်နိုင်ရန် တင်ပြဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)

## ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အချိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဗိုလ်မှူးကြီး တစ်ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဇ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဈ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံခြားသားများသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာနေထိုင်ရေးနှင့် ဗီဇာစည်းကမ်းဖောက်ဖျက်မှုမရှိအောင် ကြီးကြပ်စောင့်ရှောက်ခြင်း၊

(ခ) လစဉ် အစည်းအဝေးကျင်းပပြုလုပ်၍ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြု ထုတ်ပေးခြင်း၊

(ဂ) အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ချက်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သတင်းရဲတပ်ဖွဲ့သို့ ပေးပို့မှတ်တမ်းထားရှိခြင်း၊

(ဃ) ဆောင်ရွက်ချက်များအား နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(င) ဤလုပ်ငန်းကော်မတီမှလိုက်နာကျင့်သုံးရသည့်ဥပဒေ၊နည်းဥပဒေ၊အမိန့်နှင့်ညွှန်ကြားချက်များအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း။

(စ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ပဏာမ စိစစ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(၂) ပြည်ဝင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် လျှောက်ထားမှုကို စိစစ်ခြင်း၊

(၃) အထူးပြည်ပြန်ဝင်ခွင့် ဗီဇာလျှောက်ထားမှုနှင့် နေခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုခြင်း၊

(၄) နေခွင့်တိုးပေးထားသည့် ကာလအတွင်း ဗီဇာစည်းကမ်းနှင့်အညီ နေထိုင်ရေးကြီးကြပ်ခြင်း။

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) ဝင်ရောက်ထွက်ခွာသူစာရင်းကို အခြေခံပြီး ပြန်လည်မထွက်ခွာသေးဘဲ ရှိနေသူစာရင်း စိစစ်ရယူခြင်း၊

(၂) ပြန်လည်မထွက်ခွာသေးသူများအနက် နေခွင့်တိုးမြှင့်လျှောက်ထားနေထိုင်သူနှင့် နေခွင့်လျှောက်ထားခြင်းမရှိဘဲ ခိုအောင်းနေသူစာရင်း ဖော်ထုတ်ခြင်း၊

(၃) နေခွင့်လျှောက်ထားသူများ လျှောက်ထားစဉ် ဖော်ပြသည့် နေရပ်လိပ်စာ၊ အလုပ်အကိုင်၌ ရှိ မရှိ စိစစ်ခြင်း၊

(၄) ဗီဇာစည်းကမ်းဖောက်ဖျက်သူနှင့် Over Stay ဖြစ်စေသူများအား ဥပဒေနှင့်အညီ အရေးယူခြင်း။

(ဇ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) နယ်စပ်ဝင်/ထွက်ပေါက်များမှ Passport/Visa ဖြင့် ဝင်ရောက်လာသူ နိုင်ငံခြားသားများမှ နေခွင့်တိုးပေးရန် လျှောက်ထားခြင်းများကို ငြင်းပယ်ခြင်း၊

(၂) လူမှုရေးဗီဇာဖြင့် နေထိုင်ခွင့် ဆက်လက်လျှောက်ထားလာသည့် မြန်မာပြည်ဖွား နိုင်ငံခြားသားများနှင့် ၎င်းတို့၏ ဆွေမျိုးရင်းချာများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ပြီး ဆက်၍နေခွင့်တိုးပေးသင့်မှသာ တိုးပေးခြင်း၊

(၃) Entry Visa (Religious Visa) ဖြင့် လာရောက်ပြီး နေခွင့်တိုး၍ လျှောက်ထားသူ နိုင်ငံခြားသား ဗုဒ္ဓဘာသာ ဘုန်းကြီး/သီလရှင်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုခြင်း၊

(၄) နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ပုဂ္ဂလိကပိုင်လုပ်ငန်းယဉ်များသို့ လာရောက်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများကို စိစစ်ဖော်ထုတ်၍ အရေးယူခြင်း။

စိုးဝင်း
ဒုတိယဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၆၀၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃၇၃/သရက်ချောင်းအေကွင်း၊ မြေကွက်အမှတ်-၁၉၉၆ ရှိ **မြေဧရိယာ ၀.၀၇ ဧက** အား **မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သရက်ချောင်းမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၀၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ မှော်ဘီမြို့နယ်၊ ဆတ်သွားတောကျေးရွာအုပ်စု၊ ကြက်ဖြူကန်ကွင်း၊ ကြိုးဝိုင်းကွင်း၊ ကွင်းအမှတ် (၅၇၃) မှ မြေဧရိယာ **၉၆.၀၈ ဧက** အား အမှတ် (၁) ငှက်ဖျားနှင့် ကျန်းမာရေးတပ်သို့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၁-၂-၁၉၉၀ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ (ယခင်) အင်းစိန်မြို့နယ်၊ (ယခု) မှော်ဘီမြို့နယ်၊ ဆတ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၁၈ A/ ဆတ်သွားတောအနောက်၊ ဦးပိုင်ပေါင်း (၆၅) ခုရှိ မြေဧရိယာ **၈၇.၉၉ ဧက** အား အမှတ် (၁) နယ်လှည့်ဆေးတပ်ရင်းသို့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၃-၄-၁၉၉၀ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ မှော်ဘီမြို့နယ်၊ ဆတ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၇၃/ကြက်ဖြူကန် ကြိုးဝိုင်းမှ သစ်တောစွန့်လွှတ်မြေဧရိယာ **၁၈၁.၄၅ ဧက** အား အမှတ် (၆) စစ်မြေပြင် ဆေးတပ်ရင်းသို့ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉-၃-၁၉၉၆ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့်လည်းကောင်း **စုစုပေါင်းမြေဧရိယာ ၃၆၅.၅၂ ဧက** အား ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာများဖြင့် လွှဲပြောင်းပေးခဲ့သည့် မြေဧရိယာများအနက် အမှတ် (၁) နယ်လှည့်ဆေးတပ်ရင်း၏ မြေဧရိယာ **၈၇.၉၉ ဧက** မှ မြေဧရိယာ **၇၂.၅၇ဧက** ၊ အမှတ် (၁) ငှက်ဖျားနှင့် ကျန်းမာရေးတပ်၏ မြေဧရိယာ **၉၆.၀၈ ဧက** နှင့် အမှတ် (၆) စစ်မြေပြင်ဆေးတပ်ရင်း၏ မြေဧရိယာ **၁၈၁.၄၅** ဧက၊ **စုစုပေါင်းမြေဧရိယာ ၃၅၀.၁၀ ဧက** ကို တပ်မတော်အုပ်ချုပ်မှုကျောင်း (မှော်ဘီ) အမည်ဖြင့် လွှဲပြောင်းပေးလိုက်ပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၁-၂-၁၉၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉-၃-၁၉၉၆ ရက်စွဲပါ အမိန့်ကြော်ငြာစာတို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၃-၄-၁၉၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သည့် မြေဧရိယာ **၈၇.၉၉ ဧက** အနက် ကျန်မြေဧရိယာ **၁၅.၄၂ ဧက** အား အမှတ် (၁) နယ်လှည့်ဆေးတပ်ရင်းအမည်ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်အုပ်ချုပ်ရေးကျောင်း (မှော်ဘီ) နှင့် အမှတ် (၁) နယ်လှည့်ဆေးတပ်ရင်း အမည်တို့ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်ပေးသည့် မြေဧရိယာများသည် အမှုတွဲများပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၂၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကြေးတိုင်ပြင်-၂)၊ မူလမြေကွက်အမှတ်-၁၂၀၊ လက်ရှိမြေကွက်အမှတ်-၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၂၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈ ရှိ **မြေဧရိယာ ၁၈.၉၈ ဧက** အား အိမ်ရာမြေနေရာချထားနိုင်ရေးအတွက် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ (Land at the Disposal of Government) အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၂၄/၂၀၂၁)

ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၆/ဝိန်းနေမြောက်အကွက်)၊ ဦးပိုင်အမှတ် (၁၄၇၊ ၁၄၈)၊ **မြေဧရိယာ ဝ.၄၅၉ ဧက** ရှိ မြေအား လူမှုဝန်ထမ်း ဦးစီးဌာန၊ **မိုင်းဆတ်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၃၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၃ (မြို့လေးတွင်းရပ်)၊ ဦးပိုင်အမှတ်-၄၈/၁ ရှိ **မြေဧရိယာ ၆.၄၅၀ ဧက** အား **မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

အမှတ် ၁၉၂။ ဤဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇၂) ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် ဦးညွန့်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန **အစား** ဒေါ်မာလာဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်ပါသည်။

ချစ်နိုင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၃) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (စီမံ/အုပ်ချုပ်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဒေါ်ညိမ်းညိမ်းထိုက် | ဦးစီးအရာရှိ (စီမံ/အုပ်ချုပ်မှု) |
| (ခ) | ဒေါ်မြတ်သန္တာထွေး | ဦးစီးအရာရှိ (စီမံ/အုပ်ချုပ်မှု) |
| (ဂ) | ဒေါ်ခင်မျိုးလွင် | ဦးစီးအရာရှိ (စီမံ/အုပ်ချုပ်မှု) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စာရင်းကိုင်-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဒေါ်ရင်သိမ့်သိမ့်အေး | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| (ခ) | ဒေါ်ကြည်မာထွေး | ဦးစီးအရာရှိ (ဘဏ္ဍာ) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် မွေးမြူရေးနှင့်

ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ကျွမ်းကျင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဒေါ်အေးအေးမြင့် | ဦးစီးအရာရှိ (ကျွမ်းကျင်) |
| ( ခ ) | ဒေါ်သန်းသန်းစိုး | ဦးစီးအရာရှိ (ကျွမ်းကျင်) |
| ( ဂ ) | ဒေါ်မိမိခိုင် | ဦးစီးအရာရှိ (ကျွမ်းကျင်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၈) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ပညာရှင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (၁) | ဒေါက်တာ ထွန်းထွန်းမြင့် | ဦးစီးအရာရှိ (ပညာရှင်) |
| (၂) | ဒေါ်နန်းဝေသူ | ဦးစီးအရာရှိ (ပညာရှင်) |
| (၃) | ဒေါက်တာ ဟစ်တလာဆန်း | ဦးစီးအရာရှိ (ပညာရှင်) |
| (၄) | ဒေါက်တာ ကျော်ညီညီသန့် | ဦးစီးအရာရှိ (ပညာရှင်) |
| (၅) | ဒေါက်တာ စုစုလှိုင် | ဦးစီးအရာရှိ (ပညာရှင်) |
| (၆) | ဒေါက်တာ ခိုင်နှင်းထက် | ဦးစီးအရာရှိ (ပညာရှင်) |
| (၇) | ဒေါက်တာ စုငွေလှိုင် | ဦးစီးအရာရှိ (ပညာရှင်) |
| (၈) | ဒေါက်တာ အေးမြတ်သူ | ဦးစီးအရာရှိ (ပညာရှင်) |
| (၉) | ဒေါက်တာ နန်းနီနီလင်း | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၀) | ဒေါက်တာ ထူးမြတ် | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၁) | ဒေါက်တာ အောင်ကျော်ထက် | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၂) | ဒေါက်တာ သန်းထွန်းဇော် | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၃) | ဒေါက်တာ ဝေဝေထွန်း | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၄) | ဒေါက်တာ ယုနန္ဒာအောင် | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၅) | ဒေါ်ခင်စုစုလှိုင် | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၆) | ဒေါက်တာ နန္ဒာဝင်း | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၇) | ဒေါက်တာ သန်းကျော်ကျော်ဦး | ဦးစီးအရာရှိ (ပညာရှင်) |
| (၁၈) | ဒေါက်တာ နဒီနွယ်ဦး | ဦးစီးအရာရှိ (ပညာရှင်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၁)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ရုံးအုပ် (၃) ဦးတို့အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၁) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးဇော်မင်းအောင် | ရုံးအုပ် | ဦးစီးအရာရှိ (စီမံ) |
| (ခ) | ဒေါ်တင့်တင့်ထူး | ရုံးအုပ် | ဦးစီးအရာရှိ (စီမံ) |
| (ဂ) | ဒေါ်မြင့်မြင့်သောင်း | ရုံးအုပ် | ဦးစီးအရာရှိ (စီမံ) |

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ဆုံးဖြတ်ချက်အရ ကုန်သွယ်ရေးဦးစီး ဌာနမှ “သာ” နံပါတ်ဖြင့် ထုတ်ပေးရန်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှတစ်ဆင့် သံဃာတော်များ၏ သာသနာရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လှူဒါန်းသည့် အောက်ဖော်ပြပါ မော်တော်ယာဉ် (၄) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် လှူဒါန်းယာဉ်များဖြစ်ခြင်း၊ သာသနာရေး ဆိုင်ရာ ‘‘RLG” မူသေအမှတ်ရယူထားသော ယာဉ်များဖြစ်ခြင်း၊ ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ပြည်ပ တင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏသို့ လှူဒါန်းသည့် RLG-9398, KIA Carnivul, 2017 Model မော်တော်ယာဉ် (၁) စီး၊

(ခ) ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာ၊ လိုဘာခိုနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရသင်းအုပ်ဆရာတော် ဦးစောလှဘွယ်ထူးသို့ လှူဒါန်းသည့် RLG-6955, TOYOTA FORTUNER, 2016 Model မော်တော်ယာဉ် (၁) စီး၊

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၃ လမ်း (တောင်)၊ အမှတ် (၇၉) ရှိ သာသနာပြုနည်းနှင့်အသင်းတော်ပျိုးထောင်နည်းဓမ္မကောလိပ်၊ဥက္ကဋ္ဌသိက္ခာတော်ရဆရာဦးထောင်ဇာလျှန်း သို့ လှူဒါန်းသည့် RLG–8933, TOYOTA RAV–4, 2019 Model မော်တော်ယာဉ် (၁) စီး၊

(ဃ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ နှစ်ကရင်ကျောင်းမှ ဆရာတော်မွန်အရှင်လောကပါလသို့ လှူဒါန်းသည့် RLG–6318, TOYOTA FORTUNER, 2020 Model မော်တော်ယာဉ် (၁) စီး။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်း ထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၈၀) ဧကရှိသော နယ်မြေကို **ဆင်ကြပ်ဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ၂၆ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ နှာခေါင်းပေါက်ကျောက် (ဒေသအခေါ်) ခန့်မှန်းမြေပုံညွှန်း 19°57' 58.91" N, 93°23' 52.82" E မှအစပြု၍ သဲကြမ်းမြစ်၏ ရေစစ်မှတ်အတိုင်း အရှေ့မြောက်ဘက်သို့ ၂၄၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°58' 03.55" N, 93°23' 59.04" E အထိ၊ ထိုမှ သဲကြမ်းမြစ်၏ ရေစစ်မှတ် အတိုင်း အရှေ့ဘက်သို့ ၄၈၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°58' 03.07" N, 93°24' 13.84" E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂၆၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 58.45" N, 93°24' 20.51" E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁၂၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 58.78" N, 93°24' 24.53" E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃၇၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 53.39" N, 93°24' 34.94" E အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ၂၄၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 48.57" N, 93°24' 40.65" E အထိ၊ ထိုမှ တောင်ဘက်သို့ ၄၂၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 39.13" N, 93°24' 36.30" E အထိ၊ ထိုမှ ရေစစ်မှတ်အတိုင်း အရှေ့တောင်ဘက်သို့ ၁၉၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 33.10" N, 93°24' 40.06" E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၉၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 33.03" N, 93°24' 37.48" E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၇၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 34.44" N, 93°24' 35.56" E အထိ၊ ထိုမှ အနောက်ဘက်သို့ လယ်ကာရီအတိုင်း ၂၂၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 34.93" N, 93°24' 26.74" E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄၆၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 41.72" N, 93°24' 15.93" E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁၃၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 41.95" N, 93°24' 11.81" E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂၈၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 46.12" N, 93°24' 04.38" E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၉၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 19°57' 45.95" N, 93°24' 01.28" E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ကွန်းချောင်း တောင်ခြေရင်းအတိုင်း ၅၂၄ ကိုက်ခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း 19°57' 58.91" N, 93°23' 52.82" E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြေပုံမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြေပုံမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးမောင်လှမြင့်<br>ဒေသခံပြည်သူ၊ မြေပုံမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးကိုကိုနိုင်<br>ဒေသခံပြည်သူ၊ မြေပုံမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ မြေပုံမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၁)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၅၀၀) ဧကရှိသော နယ်မြေကို **မြောင်းဦးကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ပုသိမ်–မုံရွာကားလမ်းနှင့် ကျွန်းချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 18.13" N, 94° 27' 34.66" E မှအစပြု၍ ကျွန်းချောင်းအတိုင်း ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 22.52" N, 94° 28' 24.41" E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၄ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 25' 0.74" N, 94° 29' 9.62" E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 59.41" N, 94° 29' 20.62" E အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 27.81" N, 94° 29' 38.73" E အထိ၊ ထိုမှ ရေဝေခင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 11.92" N, 94° 30' 3.29" E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 23' 45.97" N, 94° 29' 43.78" E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 23' 1.98" N, 94° 29' 34.70" E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 22' 21.66" N, 94° 29' 3.58" E အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 27' 7.18" N, 94° 28' 34.30" E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ပုသိမ်–မုံရွာကားလမ်းနှင့် ခက်လန်းချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း 20° 22' 19.22" N, 94° 28' 2.07" E အထိ၊

အနောက်ဘက်။ ထိုမှ ပုသိမ်–မုံရွာကားလမ်း အရှေ့ဘက်တောစပ်အတိုင်း မြောက်ဘက်သို့ ၂.၄ မိုင်ခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း 20° 24' 18.13" N, 94° 27' 34.66" E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ

ပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပွင့်ဖြူမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပွင့်ဖြူမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပွင့်ဖြူမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးသန်းနိုင်ထွန်း<br>ဒေသခံပြည်သူ၊ မဲဇလီကျေးရွာအုပ်စု၊ ပွင့်ဖြူမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးမျိုးမြင့်<br>ဒေသခံပြည်သူ၊ မဲဇလီကျေးရွာအုပ်စု၊ ပွင့်ဖြူမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပွင့်ဖြူမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၁)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၂၅၁) ဧကရှိသော နယ်မြေကို **ထန်းတောကျောသာကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ၂၆ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကျောသူငယ်ချောက်မကြီး၏ အနောက်ဘက် ခန့်မှန်းမြေပုံညွှန်း 94˚24ˈ 44.765ˈˈ E, 21˚49ˈ 06.117ˈˈ N မှအစပြု၍ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ကန်ကြောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း 94˚ 25ˈ 10.206ˈˈ E, 21˚49ˈ 02.729ˈˈ N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ကန်ကြောင်တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း 94˚25ˈ 31.276ˈˈ E, 21˚48ˈ 57.711ˈˈ N အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ကျောသူငယ်ချောက်မကြီးအတွင်းသို့ စီးဝင်သည့် ကပြင်းချောက်အနီး ခန့်မှန်းမြေပုံညွှန်း 94˚25ˈ 30.710ˈˈ E, 21˚48ˈ 21.610ˈˈ N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94˚25ˈ 15.008ˈˈ E, 21˚47ˈ 50.435ˈˈ N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94˚25ˈ 02.618ˈˈ E, 21˚47ˈ 34.682ˈˈ N အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94°24' 35.818" E, 21°47' 47.941" N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ပက်လက်လဲတော အားဖြတ်၍ ထိုးတောင်ထိပ်အနီး ခန့်မှန်းမြေပုံညွှန်း 94°24' 23.502" E, 21°47' 58.546" N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ သမီးလှကုန်းတောအနီး ခန့်မှန်းမြေပုံညွှန်း 94°24' 03.796" E, 21°47' 50.852" N အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94°23' 56.612" E, 21°48' 17.767" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94°24' 10.609" E, 21°48' 36.814" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94°24' 30.448" E, 21°48' 42.944" N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ရဟန်းတောင် အနောက်ဘက်ကြောအနီး ခန့်မှန်းမြေပုံညွှန်း 94°24' 28.567" E, 21°48' 53.295" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း 94°24' 44.765" E, 21°49' 06.117" N အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပေါက်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပေါက်မြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပေါက်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးကြည်မြင့်<br>ဒေသခံပြည်သူ၊ ထန်းတောကျေးရွာအုပ်စု၊ ပေါက်မြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးဝင်းဦး<br>ဒေသခံပြည်သူ၊ ကျောသာကျေးရွာအုပ်စု၊ ပေါက်မြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပေါက်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၁)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၈၀) ဧကရှိသော နယ်မြေကို **ငါးဆင်းကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ပါးမျဉ်းကျေးရွာ၏ အရှေ့ဘက်မှစီးဝင်သော ကံတောချောင်း ခန့်မှန်းမြေပုံညွှန်း 94° 09' 10.40" E, 21° 42' 07.40" N မှအစပြု၍ အရှေ့ဘက်သို့ ၅ ဖာလုံခန့်လာရာ ထီးလင်း–ငါးဆင်းရွာသွားကားလမ်း ခန့်မှန်းမြေပုံညွှန်း 94° 09' 45.75" E, 21° 42' 07.38" N အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ ငါးစားချောင်းရေကန် ခန့်မှန်းမြေပုံညွှန်း 94° 09' 58.35" E, 21° 42' 07.39" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94° 10' 04.68" E, 21° 42' 15.28" N အထိ၊ ထိုမှ အရှေ့ဘက်သို့ ၄ ဖာလုံ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94° 10' 35.19" E, 21° 42' 14.77" N အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94° 10' 35.19" E, 21° 41' 57.14" N အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94° 09' 43.55" E, 21° 41' 43.35" N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ထီးလင်း–ကျင်း–ပေါက် ကားလမ်းမကြီးနှင့် ထီးလင်း–ငါးဆင်း ကျေးရွာသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း 94° 09' 32.17" E, 21° 41' 38.20" N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း 94° 09' 02.77" E, 21° 41' 02.36" N အထိ၊

